# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

# လျှောက်လွှာခေါ်ယူခြင်း

## ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၁

## ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

## ( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဆရာဝန်(သရုပ်ပြ) ရာထူးနေရာများအတွက် Online Application System (OAS) ကိုအသုံးပြုပြီး ၂၅ – ၃ – ၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ Online Application System (OAS) ကို အသုံးပြု၍ Online မှ လျှောက်ထားရန် အခက်အခဲရှိသူများ အနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ၂၅ – ၃ – ၂၀၂၁ ရက်နေ့နောက်ဆုံးထားပြီး **ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာ(မူရင်း)(၂)စောင်စီဖြင့်** ပေးပို့ လျှောက်ထားနိုင်ပါသည်–

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန်(သရုပ်ပြ) | ၁၁၀ နေရာ | **ဆေးပညာဘွဲ့ (M.B.,B.S.)** |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၅ – ၃ – ၂၀၂၁ ရက်နေ့တွင် အသက် ၃၅ နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) **ဆေးပညာဘွဲ့(M.B.,B.S.)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူ (သို့မဟုတ်) ၂၀၂၀ ပြည့်နှစ်၊ဧပြီလမှစ၍ အလုပ်သင်ဆရာဝန် ပြီးမြောက်သူများ အနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင် ဆရာဝန်ပြီးဆုံးကြောင်း ထောက်ခံစာ တင်ပြနိုင်သူ (သို့မဟုတ်) အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)တင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည်၊**

(ဃ) ရွေးချယ်ခြင်းခံရပါက ခန္ဓာဗေဒဌာန၊ ဇီဝကမ္မဗေဒဌာန၊ ဇီဝဓာတုဗေဒဌာန၊ ဆေးဝါးဗေဒဌာန၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဥပဒေရေးရာဆေးပညာဌာန များတွင် ခန့်အပ်မည်ဖြစ်ပါသည်၊

(င) သင်ကြားရေးဝါသနာပါပြီးမည်သည့်တက္ကသိုလ်မဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(စ) မိမိတို့တာဝန်ထမ်းဆောင်လိုသောဘာသာရပ်ဌာနများကိုဦးစားပေးအစီအစဉ်အလိုက် ဘာသာရပ်ဌာနအားလုံးပါဝင်အောင်ဖြည့်သွင်းလျှောက်ထားရမည်၊

(ဆ) ခန့်အပ်တာဝန်ပေးသည့်ဘာသာရပ်ဌာန၏ မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို ဖြေဆိုခြင်းမပြုဘဲကျန်ဘာသာရပ်များ၏ ဆေးပညာမဟာသိပ္ပံသင်တန်းကိုဖြေဆိုလိုပါကတာဝန်ချထားသည့်ဘာသာရပ်ဌာနတွင်လုပ်သက်(၃)နှစ်ပြည့်အောင်တာဝန်ထမ်းဆောင်ပြီးမှသာ ဖြေဆိုခွင့်ပြုမည်၊

(ဇ) ဆေးပညာသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူပူးတွဲပေးပို့ လျှောက်ထားရမည်။ ဒုတိယနှစ်အမ်ဘီဘီအက်စ်သင်တန်းမှ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)သင်တန်းအထိ ဘာသာရပ်များအနက် လျှောက်ထားသည့်ဘာသာရပ် အပါအဝင်အနည်းဆုံးဘာသာရပ်(၃)ခုတွင် ရမှတ် ၆၀ %နှင့်အထက်ရရှိသူဖြစ်ရမည်၊

(ဈ) ခန္ဓာဗေဒဌာနနှင့်ဥပဒေရေးရာဆေးပညာဌာနသို့ လျှောက်ထားသူများအတွက် ရမှတ်လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါသည်၊

(ည) လျှောက်ထားသည့်ဘာသာရပ်တွင် နောက်ဆက်တွဲဖြင့် စာမေးပွဲအောင်မြင်သူများ မဖြစ်ရပါ၊

(ဋ) ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သောတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ Online Application System (OAS)စနစ်သို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website – www.ucsb. gov.mm၊ Web Portal – ucsb.imis.com.mm၊Facebook Page** ဖြစ်သော **Union Civil Service Board Myanmar** နှင့် **Myanmar National Web Portal – www. myanmar.gov.mm** တို့တွင်လည်းဖော်ပြပေးထားပြီးအွန်လိုင်းလျှောက်လွှာ **(Online Application Form)** သို့လျှောက်ထားနည်းနှင့် လျှောက်လွှာ ဝယ်ယူလျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀/- ပေးသွင်းရမည့် နည်းလမ်းနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆ – ၈ –၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၁၄၃ / ရွေးချယ်ရေး

(အမိက)၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာ ခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက် စာစောင်ပါ** သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ **လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၅။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ချက်အရ လျှောက်ထားမှုအရေအတွက်ပေါ်မူတည်၍ ရေးဖြေစစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရပါက ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်းများသို့ လတ်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းသစ်များအဖြစ် ခန့်အပ်တာဝန် ပေးအပ်သွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာပိတ်သည့်ရက်မှစ၍ လက်ခံရရှိသောလျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ စုစည်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးပို့ပြီး စိစစ်ရွေးချယ်မှုအပေါ်မူတည်၍ အောင်စာရင်းထုတ်ပြန်ကာ ဆရာဝန်(သရုပ်ပြ)အဖြစ်ခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ စုံစမ်းမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၃၄၀၉၀၅၂ ၊၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉ - ၄၂၀၇၀၆၆၀၅၊၀၉-၄၂၀၇၀၆၆၀၆)နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၁၁၂၃၇၊ ၀၆၇-၃၄၁၁၃၆၄)သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။